# အရှင်အာနန္ဒာ ဖွားဖက်တော်လား

အရှင်ကေလာသ
အောက်တိုဘာ ၂၊ ၂၀၁၅။

-------------------

ရှိသေစွာ လျှောက်ထားအပ်ပါသည် အရှင်ဘုရား၊ မဟာဗုဒ္ဓဝင်ကျမ်း၊ ဒုတိယတွဲ၊ စာမျက်နှာ–၅၂ တွင် ဖွားဖက်တော် ခုနစ်မျိုးကို 'အာနန္ဒမင်းသား၊ မဟာဗောဓိညောင်ပင်၊ ကာဠုဒါယီ အမတ်၊ ယသော်ဓရာ မင်းသမီး၊ ဆန္နအမတ်၊ ရွှေအိုးကြီး လေးလုံး၊ ကဏ္ဍကမြင်းတော် (အာ.ဗော.ကာ.ယ.င.ရွှေ.ကဏ်)လို့ ဖော်ပြပါသည်။ ဖွားဖက်တော် ဟူသည်မှာ မြတ်စွာဘုရား မွေးဖွားသော နေ့၌ မွေးဖွား ပေါ်ပေါက်သူလို့ နားလည်ပါသည်။ သို့ ဖြစ်လျှင် အရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် အသက်အရွယ် တူသောကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံခါနီး ရေကြည်တော် ခပ်ပေးသည်ဟု ဆိုခြင်းမှာ ဖြစ်နိုင်ပါမည်လား .. ရှင်းပြ ပေးစေလိုပါသည် အရှင်ဘုရား။

မြင့်မြင့်စိန်–ရန်ကုန်

---------------------------

**အဆိုနှစ်မျိုး**

ဒီဃနိကာယ်အဋ္ဌကထာ (ဒီ–ဋ္ဌ ၂၊ ၁၈)၊ ဗုဒ္ဓဝံသအဋ္ဌကထာ (ဗုဒ္ဓ ဝံသ–ဋ္ဌ၊ ၃၂၂)၊ ဇာတ်အဋ္ဌကထာ (ဇာ–ဋ္ဌ ၁၊ ၆၃) သုံးစောင်မှာ ဖော်ပြပါ မဟာဗုဒ္ဓဝင်မှာ စာတော်အတိုင်း ဖွားဖက်တော် ၇–မျိုး စာရင်းကို တွေ့ရတယ်။ အင်္ဂုတ္တရအဋ္ဌကထာ (အံ–ဋ္ဌ ၁၊ ၂၃၄)နဲ့ ထေရဂါထာအဋ္ဌကထာ (ထေရ–ဋ္ဌ ၂၊ ၁၆၅) တွေမှာတော့ အရှင်အာနန္ဒာအစား အာရောဟဏီယဟတ္ထိ (စီးတော်ဆင်)လို့ ဖော်ပြပါတယ်။ တစ်ခါတစ်ရံ နိကာယ်အဋ္ဌကထာကြီးတွေမှာ အဲဒီလို ဖော်ပြပုံ ခြားနားတာ အနည်းအကျဉ်းကို တွေ့ရလေ့ ရှိပါတယ်။ ယခု ဖြစ်ရပ်မှာ ဒီဃနိကာယ် အဋ္ဌကထာနဲ့ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ နှစ်ကျမ်းလုံးကို အရှင်မဟာဃောသ တစ်ပါးတည်း ရေးပေမယ့် ယင်းတို့မှာ ထိုထို ဘာဏက (ဒီဃ နိကာယ်ဆောင်၊ အင်္ဂုတ္တရနိကာယ်ဆောင် .. စသည်) တို့ရဲ့ အယူအဆ ဖြစ်ကြောင်း ဋီကာကျမ်းတွေမှာ ဖွင့်ပြပါတယ်။

**တစ်ကျမ်းတည်း**

ထူးခြားတာက အပဒါနအဋ္ဌကထာ တစ်ကျမ်းတည်းမှာ အဆို ၃–မျိုး ပါနေတာကို တွေ့ရခြင်းပါပဲ။ ယင်း၊ ဒုတိယအုပ်၊ စာ မျက်နှာ–၅၅ မှာ 'မဟာဗောဓိညောင်ပင်၊ ယသော်ဓရာ မင်းသမီး၊ ရွှေအိုးကြီးလေးလုံး၊ စီးတော်ဆင်၊ ကဏ္ဍကမြင်း၊ အာနန္ဒမင်းသား၊ ဆန္နအမတ်၊ ကာဠုဒါယီအမတ်'လို့ သချာ ၈–မျိုး ဖော်ပြပေမယ့် 'တ္တမေ သတ္တ = ဤ ၇–မျိုး'လို့ ဆိုပါတယ်။ ဒါ ပေမယ့် ယင်း၊ ပထမအုပ်၊ စာမျက်နှာ–၆၅ မှာ စီးတော်ဆင် အစား အရှင်အာနန္ဒာနဲ့ ၇–မျိုး ဖော်ပြတယ်။ တစ်ဖန် ယင်း၊ ဒုတိယအုပ်၊ စာမျက်နှာ–၂၅၇ မှာ အရှင်

အာနန္ဒာ မပါဘဲ စီးတော်ဆင်နဲ့ ၇–မျိုးလို့ ဆိုပြန်တယ်။ ဒါကတော့ ပေကူးသူ သို့မဟုတ် တည်းဖြတ်သူတို့ရဲ့ မှားယွင်းမှု ဖြစ်နိုင်တယ်။ ဇာတ်အဋ္ဌကထာ (ဇာ–ဋ္ဌ ၁၊ ၆၃) အောက်ခြေ မှတ်ချက်အရ ယင်း ကျမ်း သီဟိုဠ်မူမှာ အရှင်အာနန္ဒာအစား ‘အာဇာနီယော ဟတ္ထိရာဇာ = စီးတော်ဆင်’လို့ မူကွဲ ဖော်ပြပါတယ်။

## ကျမ်းဆိုနဲ့ ယုတ္တိ

ဝိနယပါဠိတော် (ဝိ ၄၊ ၃၃၈)မှာ ရဟန်း အတူပြုကြတဲ့ သကျမင်းသား ၆–ယောက် စာရင်းကို ‘ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ အာနန္ဒ၊ ဘဂု၊ ကိမိလ၊ ဒေဝဒတ္တ’လို့ ဆိုတယ်။ ဒါဆိုရင် ယင်းတို့ ၆–ဦး အသက်အရွယ် အလွန် မကွာဘူးလို့ ဆိုခွင့်ရှိတယ်။ အရှင်အာနန္ဒာရဲ့ ဥပဇ္ဈာယ်ဆရာဟာ အဦးဆုံး ဗုဒ္ဓသာဝကတွေထဲမှာ ပါဝင်တဲ့ ဥရုဝေလာ ကဿပညီနောင် အုပ်စုဝင် အရှင်ဗေလဋ္ဌသီသ ဖြစ်ခြင်း (ဝိ ၂၊ ၁၁၈)ဟာ မင်းသား ၆–ယောက်မှာ ပါဝင်တယ်ဆိုတာကို ထောက်ခံသလို ထင်ရတယ်။ ဒီအဆို နှစ်ရပ်လုံးက အရှင်အာနန္ဒာ ဖွားဖက်တော် ဖြစ်တယ်ဆိုတာကို အားသာစေတယ်။

ဒါပေမယ့် .. အရှင်ဗေလဋ္ဌသီသဟာ ဘယ်အချိန် မဆို အရှင်အာနန္ဒာရဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ်နိုင်တယ်ဆိုတဲ့ ရှုထောင့်က ကြည့်ရင် ပါဠိတော်ပါ မင်းသား ၆–ဦး စာရင်းမှာ အရှင်အာနန္ဒ အစား အခြား တစ်ယောက်နဲ့ အမှတ်မှားတာ သို့မဟုတ် ပေကူးမှားတာ မဖြစ်နိုင်ဘူးလားလို့ မေးနိုင်ပါသေးတယ်။

အဲဒီ မေးခွန်းကို မဖြစ်နိုင်ဘူးလို့တော့ ဖြေနိုင်တယ်။ ဘာကြောင့်ဆို အင်္ဂုတ္တရအဋ္ဌကထာ (အံ–ဋ္ဌ ၁၊ ၂၃၄)မှာ ဖွားဖက်တော် ၇–ဦးစာရင်းမှာ အရှင်အာနန္ဒာ အစား စီးတော်ဆင်ကို ထည့်ပြပေမယ့် အဲဒီ အဋ္ဌကထာ (အံ–ဋ္ဌ ၁၊ ၂၂၈)မှာပဲ အတူ ရဟန်းပြုတဲ့ သာကီဝင် မင်းသား ၆–ဦးထဲမှာ အရှင်မြတ်ကို ထည့်ထားလို့ပါပဲ။ ဒါပေမယ့် .. ဝိနယပါဠိတော် စကားအတိုင်း မင်းသား ၆–ဦး စာရင်းကို ပြတော်မူတဲ့ အဋ္ဌကထာဆရာ အနေနဲ့ ဖွားဖက်တော် ဖြစ်ခြင်းနဲ့ မင်းသား ၆–ဦး ပတ်သက်နိုင်မှုကို မသုံးသပ်ဘူးလို့တော့ ဆိုနိုင်ပြန်တယ်။

## တိဗက်မှတ်တမ်း

ဒီနေရာမှာ ‘ဗုဒ္ဓဖြစ်တော်စဉ် တိဗက်မှတ်တမ်းများ’ စာအုပ် အသုံးတည့်ပြီ။ ဒီမှတ်တမ်းအရ ‘မြတ်ဗုဒ္ဓ ပြည်တော် ပြန်ချိန်မှာ ဆွေတော် မျိုးတော်ဖြစ်တဲ့ သကျတွေက တစ်အိမ်ကို ယောကျ်ား တစ်ယောက်စီ ရဟန်းပြုရမယ်’လို့ ကြေညာချက် ထုတ်ပြန်ကြောင်း၊ သို့အတွက် ဘဒ္ဒိက၊ ရေဝတ၊ အနိရုဒ္ဓ (အနုရုဒ္ဓ)တို့ မိမိဆန္ဒအရ ရဟန်းပြုရန် ဆုံးဖြတ်ပေမယ့် ဒေဝဒတ္တမှာ ဆန္ဒ မပါဘဲ အမိန့်အရ ဝတ်ခဲ့ရကြောင်း (မင်းသား ၄–ဦး)’ ဖော်ပြပါတယ်။ အင်္ဂလိပ် ဘာသာပြန်သူ (Rock Hill)က ဒါကြောင့် သံဃာကွဲပြားတဲ့အခါ ဒေဝဒတ္တကို ထောက်ခံသူ အချို့ ရှိခဲ့တာ ဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့တယ် (ယင်း၊ စာ–၁၀၀ ရှု)။ အမှန်တော့ နန္ဒမင်းသားလည်း အစပိုင်းမှာ ရဟန်း မပြုလိုတဲ့ အထဲမှာ ပါခဲ့တာပဲ။

ဒီနေရာမှာ ‘သကျမင်းသားတွေကို အမိန့်နဲ့ ဘုန်းကြီး ဝတ်ခိုင်းတယ်’ဆိုတဲ့စကား မှန်နိုင်တယ်လို့ ဘုန်းကြီး ယူဆတယ်။ ဘာကြောင့်ဆို နောက်ပါသံဃာ များစွာနဲ့အတူ မြတ်ဗုဒ္ဓ မလ္လတိုင်း ကုသိနာရုံမြို့ကို ရောက်တဲ့အခါ မလ္လာတိုင်းသား သကျမင်းတွေက ‘မြို့သူမြို့သား အားလုံး ဗုဒ္ဓကို ထွက်ကြိုရမယ်၊ ထွက်မကြိုသူကို ဒဏ်ငွေ ၅၀၀ ရိုက်မယ်’လို့ အမိန့် ထုတ်ပြန် ကြောင်း ထေရဝါဒမှတ်တမ်း (သံ ၃၊ ၃၄၅) ရှိလို့ပါပဲ။

## တူခြင်း မတူခြင်း

ထေရဝါဒအရ ‘အရှင်အာနန္ဒဟာ ဒီဘဝ မတိုင်ခင် ဗုဒ္ဓလောင်းလျာနဲ့ အတူ တာဝတိံသာမှာ ဖြစ်တယ်။ အဲဒီက စုတေတဲ့အခါ အမိတောဒန (သုဒ္ဓေါဒနမင်းရဲ့ ညီတော်)ရဲ့ သား ဖြစ်လာပြီး ဘဒ္ဒိယစတဲ့ မင်းသား ခြောက်ဦးနဲ့

အတူ ရဟန်းပြုကြောင်း (ဒီ–၄ ၂၊ ၈၂)’ဆိုတယ်။ တိဗက်မှတ်တမ်းအရ အရှင်အာနန္ဒာဟာ အမိတောဒန (သုဒ္ဓေါဒန ညီတော်)ရဲ့သားဖြစ်တယ် ဆိုပေမယ့် မြတ်ဗုဒ္ဓရဲ့ သားတော် အရှင်ရာဟုလာနဲ့ သက်တူ ရွယ်တူ သာသာပဲ ရှိတယ်။ ဗုဒ္ဓရဲ့ အလုပ်အကျွေး ဖြစ်လာမယ်လို့ ဗေဒင်ဆရာတွေ ဟောထားလို့ မြတ်ဗုဒ္ဓ ကပိလ ဝတ္ထုသို့ ကြွချိန်မှာ ဝေသာလီကို ပို့ထားတယ်။ ဒါပေမယ့် ဝေသာလီမှာ မြတ်ဗုဒ္ဓနဲ့ တွေ့တော့ အာနန္ဒ မင်းသားရဲ့ ဆန္ဒအရ နောက်ဆုံး ခွင့်ပြုလိုက်ရပြီး အရှင်မဟာကဿပ မထေရ်က အရှင်အာနန္ဒာကို ရဟန်း ပြုပေးလိုက်တယ် (ယင်း၊ စာ–၁၀၈)။ ပညာရှင် မာလာလာ ဆေကေရ ပုဂ္ဂိုလ်က ‘Rock Hill ရဲ့ တိဗက်မှတ်တမ်းအရ အရှင်အာနန္ဒာ ရဟန်းပြုပုံဟာ ကွဲပြားပြီး စိတ်ဝင်စားဖွယ် ကောင်းတယ်လို့’ ဆိုခဲ့ပါတယ် (*Pali Proper Names* I, 251)။

ဒီမှတ်တမ်းအရ အရှင်မဟာကဿပဟာ အရှင်အာနန္ဒာရဲ့ ဥပဇ္ဈာယ်ဆရာ ဖြစ်လို့ ‘အရှင်မဟာကဿပဟာ အရှင်အာနန္ဒာနဲ့ အလွန် ရင်းနှီးပြီး အရှင်အာနန္ဒာ ဆံပင် ဖြူနေချိန်မှာပင် အရှင်မြတ်က အရှင်အာနန္ဒာကို ကုမာရက = သူငယ်လေး (ကောင်လေး)လို့ ခေါ်ဝေါ် သုံးနှုန်းတယ် (သံ ၁၊ ၄၁၈)’ဆိုတဲ့ ထေရဝါဒကျမ်းစာ အဆိုကိုလည်း ဒီဖွားဖက်တော် ကိစ္စမှာ ထည့်သွင်း စဉ်းစားဖွယ် ရှိလာတာပေါ့။ ဖွားဖက်တော် ဖြစ်ရင် အရှင်အာနန္ဒာဟာ အရှင်မဟာကဿနဲ့ အသက်အရွယ် မတိမ်းမယိမ်း နေမှာ။ ဒီလိုဖြစ်ရင် ဘယ်လောက် ရင်းနှီးစေကာမူ သံဃာ အချင်းချင်း သက်တူ ရွယ်တူကို အဲဒီလို (ကောင်လေးလို့) သုံးနှုန်းဖို့ ခက်နိုင်တယ်။ အရှင်မဟာကဿပဟာ မြတ်ဗုဒ္ဓရဲ့ ဒုတိယ မြောက်ဝါ (ကပိလဝတ္ထုသို့ မကြွခင်)မှာ ရဟန်းပြုလာတာ ဖြစ်လို့ အရှင်ဗေလဋ္ဌသီသနဲ့ မရှေးမနှောင်း ဖြစ်တဲ့အတွက် အရှင်အာနန္ဒာရဲ့ ဥပဇ္ဈာယ် ဖြစ်မယ်ဆို ဖြစ်နိုင်တယ်။

## ဖြစ်နိုင်မည်လား

တိဗက်မှတ်တမ်း အရတော့ အရှင်အာနန္ဒာဟာ မြတ်ဗုဒ္ဓနဲ့ သက်တော် ၂၅–ကျော် ကွာလို့ မြတ်ဗုဒ္ဓကို အလုပ်အကျွေး ပြုနိုင်ဖို့ စဉ်းစားစရာ မရှိဘူး။ ထေရဝါဒအရ အရှင်အာနန္ဒာဟာ မြတ်ဗုဒ္ဓနဲ့ သက်တော် တူတယ် ဆိုတာနဲ့ ပတ်သက်ပြီး စဉ်းစားဖွယ် ရှိတာကို ဖော်ပြပါအတိုင်း အဖွင့်ကျမ်းတွေရဲ့ အဆို ကွဲပြားချက်တွေက ထောက်ခံနေသလိုပါပဲ။ ဒါကြောင့် သက်တော် ၈၀ အရွယ် အရှင်အာနန္ဒာက မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံခါနီး ရေကြည်တော် ခပ်ပေးတဲ့ ကိစ္စလည်း ယုတ္တိအရ စဉ်းစားဖို့ နည်းနည်း ခက်တယ် ဆိုတာကို အသိအမှတ် ပြုနိုင်ပါတယ်။ ဒါပေမယ့် .. အသက် ၈၀ နဲ့ ၈၂–နှစ် အရွယ် ကျန်းမာတဲ့ ညီအစ်ကိုအရင်း နှစ်ယောက် အတူတူ လမ်းလျှောက်နေတာကို ဘုန်းကြီး တွေ့ဖူးတယ်။ မြတ်ဗုဒ္ဓနဲ့ ညီတော် အရှင်အာနန္ဒာကို အမှတ် ရစရာပါပဲ။

ဘုန်းကြီး စဉ်းစားမိတာလေးတွေကို အစဖော်ပေးရုံမျှပါ။ အများကြီး နှိုင်းယှဉ်လေ့လာပြီး သုတေသန ပြုရင်တော့ အဖြေတစ်ခု ထွက်နိုင်လာလေမလားဘဲ။ ❐